





# အတူတကွနေ
# ထိုင်ခြင်း














“လူအသီးအသီးတို့အား အဘယ်သို့
ပြန်ပြောရမည်ကို သိနိုင်မည်အ
ကြောင်း၊ သင်တို့စကားသည် ဆား
အားဖြင့်ငန်သော အရသာနှင့်ပြည့်
စုံလျက်၊ အစဉ်မပြတ်တင့်တယ်
လျောက်ပတ်ပါစေ” (ကော ၄း၆)

လက်တွေ့ကျသော ရှင်ပေါလု၏ဩဝါဒစာအများစုတွင် လူသားချင်းဆက်ဆံရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းမှုများ ပါဝင်သည်။

ဆက်ဆံရေးတွင် တင်းမာမှုနှင့်ငြင်းခုန်မှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် စံတန်ဖိုးများ၊ ပန်းတိုင်များနှင့်ရည်ရွယ်ချက်များတွင် ညီညွတ်မှုနှင့်အထွေထွေသဘောတူညီမှုရှိရန်လိုအပ်သည်။



ရှင်ပေါလုက ဇနီးမောင်နှံများအကြား၊ မိဘနှင့်သားသမီးများအကြား၊ သခင်နှင့်ကျွန်များအကြား၊ အသင်းသားများအကြား၊ ယုံကြည်သူများနှင့်မယုံကြည်သူများအကြား ဆက်ဆံရေးတိုးတက်စေရန်အတွက် ထိရောက်သောမှုများကို ကျွန်ုပ်တို့အား ပေးထားသည်။





- ဇနီးမောင်နှံအကြားဆက်ဆံရေး (ကော ၃း၁၈-၁၉)
- မိဘနှင့်သားသမီးများကြားဆက်ဆံရေး (ကော ၃း၂၀-၂၁)
- အလုပ်ရှင်နှင့်အလုပ်သမားများအကြားဆက်ဆံရေး (ကော ၃း၂၂-၂၅၊ ၄း၁)
- အသင်းတော်အတွင်းဆက်ဆံရေး (ကော ၄း၂-၃)
- မယုံကြည်သူများနှင့်ဆက်ဆံရေး (ကော ၄း၅-၆)

# ဇနီးမောင်နှံအကြားဆက်ဆံရေး

အချင်းမိန်းမတို့၊ သခင်ဘုရား၌ လျောက်ပတ်သည်အတိုင်း၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။ အချင်းယောကျ်ားတို့၊ ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ ကြမ်းတမ်းစွာမပြုကြနှင့်”
(ကောလောသဲ ၃:၁၈



တစ်ချိန်တည်းတွင် ရေးသားခဲ့သော ကောလောသဲနှင့်ဖေက်သြဝါဒစာများတွင် ဇနီးမောင်နှင့်ပတ်သက်သော စုံလင်သည့်အကြံပေးချက်များ ပါဝင်သည် (ကော ၃:၁၈-၁၉၊ ဖေက် ၅:၂၁-၃၃)

**အချင်းမိန်းမတို့၊ ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့ (ကော ၃:၁၈၊ ဧ ၅:၂၂-၂၄)**

- ဤဝန်ခံခြင်းသည် အပြန်အလှန်ဝန်ခံခြင်းဖြစ်သည် (ဧ ၅:၂၁) လျောက်ပတ်သည်။

**အချင်းယောကျ်ားတို့၊ ခင်ပွန်းကို ချစ်ကြလော့(ကော ၃:၁၉၊ ဧ ၅:၂၈)**

- ခရစ်တော်ချစ်သည်နည်းတူ ချစ်ကြပါ (ဧ ဖက် ၅:၂၅)
- မိမိကောင်းမှုချမ်းသာအတွက် မိမိ၌တာဝန်ရှိသည် (ဧ ၅:၂၉)
- ကြမ်းတမ်းစွာ မဆက်ဆံပါနှင့်၊ သူတို့ကိုမနာလိုမဖြစ်ပါနှင့် (သို့) ကြမ်းတမ်းစွာမပြုမူပါနှင့်၊ အာဏာရှင် ဆန်ဆန်မပြုမူပါနှင့်။









လင်နှင့်ဇနီးသည် တစ်ဦးနှင့်တစ်ဦးတိုင်ပင်၍ လုပ်ဆောင်ရပါမည်။ ဆွေးနွေးတိုင်ပင်ကာ တညီတညွတ်တည်း ဆုံးဖြတ်ရမည်။ ခင်ပွန်းသည် မိသားစု၏စံပြခေါင်းဆောင်ဖြစ်သည်။ နှစ်ဦးစလုံးသည် အမြဲတမ်း အချင်းချင်း၏ကောင်းကျိုးကို ရှာဖွေရမည်။

လူတိုင်းက ချစ်ခြင်းမေတ္တာကို တောင်းဆိုမယ့်အစား ပေးကမ်းကြပါစို့။ ကိုယ့်မှာ အမြင့်မြတ်ဆုံးသောအရာကို ပြုစုပျိုးထောင်ပြီး အချင်းချင်း၏ ကောင်းမွန်သော အရည်အသွေးတွေကို မြန်မြန်ဆန်ဆန် အသိအမှတ်ပြုပါ။ တန်ဖိုးထားခံရသည်ဟူသော အသိစိတ်သည် အံ့ဩဖွယ်ကောင်းသောလှုံ့ဆော်မှု နှင့် ကျေနပ်မှုတစ်ခုဖြစ်သည်။ စာနာမှုနှင့်လေးစားမှုက ထူးချွန်မှုကို ကြိုးစားအားထုတ်အောင် အားပေးပြီး မြင့်မြတ်သောရည်မှန်းချက်တို့ကို လှုံ့ဆော်ပေးသည်နှင့်အမျှ ချစ်ခြင်းမေတ္တာ တိုးပွားစေပါသည်။

ဇနီးသည် ခင်ပွန်းကို လေးစားရမည်။ ခင်ပွန်းသည် ဇနီးကို ချစ်မြတ်နိုးပြီး တန်ဖိုးထားရမည်။ သူတို့၏အိမ်ထောင်ရေးကတိကဝတ်က သူတို့ကို တစ်လုံးတစ်ဝတည်းအဖြစ် စည်းလုံးစေသကဲ့သို့ ခရစ်တော်ကို ယုံကြည်ခြင်းက သူတို့ကို ကိုယ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်စေသင့်ပါသည်။ အိမ်ထောင်ရေးဆက်ဆံမှုထဲကို ဝင်ရောက်လာသူများသည် ယေရှုအကြောင်း သင်ယူဖို့နှင့် သူ၏ဝိညာဉ်တော်နှင့် ပိုပြီးပြည့်စုံလာဖို့ အတူတကွ ရှာဖွေသည်ကို မြင်တွေ့ရသည်ထက် ဘုရားသခင်အတွက် ဘယ်အရာက ပိုနှစ်သက်စရာကောင်းမည်နည်း။

EGW (The Christian Home, pp. 107, 114)

# မိဘနှင့်သားသမီးများကြားဆက်ဆံရေး

သားသမီးတို့၊ မိဘစကားကို အရာရာ၌ နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် သခင်ဘုရားနှစ်သက်တော်မူသော အမှုဖြစ်၏။ အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ ထိုသို့ပြုလျှင် သူတို့သည် စိတ်ပျက်အားလျော့ခြင်းသို့ ရောက်ကြလိမ့်မည်” (ကောလောသဲ ၃း၂၀-၂၁)



ယနေ့ခေတ်လူ့အဖွဲ့အစည်းတွင် "မိဘများ" ဟူသောစကားလုံးကို မိဘနှစ်ပါးရှိသောအိမ်ထောင်များနှင့် မိဘတစ်ဦးတည်းရှိသောမိသားစုများအတွက် အသုံးပြုရလိမ့်မည်။ ရှင်ပေါလု၏အဆိုအရ ကျန်းမာသောဆက်ဆံရေးသည် မိဘများ၏တာဝန်သာမက ကလေးများကိုယ်တိုင်၏တာဝန်လည်းဖြစ်သည်။



## သားသမီးတို့၏တာဝန်ဝတ္တရားများ
(ကော ၂း၂၀၊ ဧဖက် ၆း၁-၃)

- ကလေးများ၏နာခံမှုသည် ရွေးချယ်ခွင့်မရှိပါ
- ဤနားထောင်မှုသည် ပဥ္စမပညတ်တော်အပေါ် မှာအခြေခံသည်။
- ထို့အပြင်၊ ဆုလာဘ်သည် နားထောင်မှုနှင့်အတူ လိုက်ပါလာသည်။

## မိဘတို့၏ဝတ္တရားများ
(ကော ၃း၂၁၊ ဧဖက် ၆း၄)

- သူတို့ကို စိတ်အနှောင့်အယှက်မဖြစ်စေဘဲ ပညာပေးပါ။ စိတ်ဓါတ်မကျစေနှင့်။
- စိတ်လိုက်မာန်ပါ လုပ်ဆောင်ခြင်းဖြင့် သူတို့ကို ဒေါသ မထွက်စေနှင့်။
- ဘုရားသခင်၏လမ်းစဉ်များအတိုင်း ပညာပေးပါ (တရားဟောရာ ၆း၆-၇၊ သုတ္တံ ၂၂း၆)

နံနက်ယံနှင့်ညဦးယံဝတ်ပြုခြင်းများသည် ကလေးများအတွက် အလွန်အရေးကြီးသည်။ ဘုရားသခင်အကြောင်းကြားနာ၍ ထာဝရအသက်အတွက် ဆုံးဖြတ်ချက်ပြုကြလိမ့်မည်။ ထို့အပြင် မိဘတို့၏စံနမူနာသည် ကလေးများအတွက် အကြီးမားဆုံးပညာပေးသူဖြစ်ကြောင်း မမေ့ပါနှင့်။



“မိဘများတို့၊ သင်တို့၏ကလေးများအား သင်သည် သူတို့ကိုချစ်ကြောင်းနှင့် ၎င်းတို့ပျော်ရွှင်စေရန် သင်၏အစွမ်းကုန်လုပ်ဆောင်မည်ကို မြင်တွေ့စေပါ။ သင်ထိုသို့ပြုလုပ်ပါက၊ သင်၏လိုအပ်သောကန့်သတ်ချက်များသည် ၎င်းတို့၏ငယ်ရွယ်သောစိတ်တွင် များစွာပို၍အလေးစီးလိမ့်မည်။ “သူတို့၏ကောင်းကင်တမန်များသည် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏မျက်နှာတော်ကို အမြဲဖူးမြင်ရသည်” ဟူသောအချက်ကို သတိရကာ၊ သင်၏ကလေးများကို နူးညံ့သိမ်မွေ့စွာနှင့် ကရုဏာတရားဖြင့် အုပ်ချုပ်ပါ။ ဘုရားသခင်ပေးအပ်တော်မူသောအမှုကို သင်၏ကလေးများအတွက် ကောင်းကင်တမန်များလုပ်ဆောင်စေလိုပါက၊ သင်၏အပိုင်းကိုလုပ်ဆောင်ခြင်းဖြင့် သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ။”

**EGW (The Christian Home, p. 193)**

# အလုပ်ရှင်နှင့်အလုပ်သမားအကြားဆက်ဆံရေး

“အစေခံကျွန်တို့၊ သခင်ဘုရားကို ကြောက်ရွံ့လျက်၊ သူတို့၏စိတ်ကို နှုးညွတ်စေသောသူကဲ့သို့ မျက်မှောက်၌သာ နား ထောင်သည်မဟုတ်၊ စိတ်နှစ်ခွ မရှိဘဲ၊ လောကီသခင်၏စကားကို အရာရာ၌ နားထောင်ကြလော့” (ကော ၃း၂၂)



ရှင်ပေါလုခေတ်တွင်ရှိခဲ့သော ကျွန်စနစ်သည် မှေးမှိန်ပျောက်ကွယ်သွားသော်လည်း ယနေ့ခေတ်တွင် ပုံစံတစ်မျိုးဖြင့် ကျွန်ပြုခြင်းရှိနေသေးသည်မှာ ဝမ်းနည်းစရာဖြစ်သည်။ ထို့ကြောင့် အထက်လူကြီးနှင့်လက်အောက်ငယ်သားများအကြားဆက်ဆံရေး အကြံပြုချက်များကို ကျွန်ုပ်တို့နားလည်ရမည်။



## လက်အောက်ငယ်သားများ၏အပြုအမူ (ကော ၃း၂၂-၂၅၊ ဧ ၆း၅-၈)

- ကွယ်ရာမှာလည်း အမြဲတမ်း အကောင်းဆုံးကြိုးစားပါ။
- ဘုရားရှင်အမှုတော်ကဲ့သို့ စေတနာနှင့်လုပ်ဆောင်ပါ။
- ကျိုးကြောင်းဆီလျော်သောအခါ ပြစ်တင်ဆုံးမမှုကိုခံယူပါ
- ကောင်းသောအလုပ်က အကျိုးပေးသည်
- ဆိုးသောအလုပ်ရှင်နှင့်မကင်းနိုင်ပါ (၁ ပေ ၂း၁၈)

## အထက်လူကြီးများ၏အပြုအမူ (ကော ၄း၁၊ ဧဖက် ၆း၉)

- တရားမျှတမှုနှင့်ဖြောင့်မတ်မှုဖြင့် ဦးဆောင်ပါ
- ခြိမ်းခြောက်မှု (သို့) မတည့်တံ့သော တောင်းဆိုမှုများကို မသုံးပါနှင့်။
- လူကြီးတိုင်းမှာ သူ့အထက်လူကြီးအပေါ်မှာ တာဝန်ခံရမည့်လူကြီးရှိသည်။

လူကြီးဖြစ်စေ၊ ငယ်သားဖြစ်စေ ကျွန်ုပ်တို့သည် ခရစ်တော်၏ကျွန်များဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားကို ဝတ်ပြု

“တည်ထောင်ထားသော လူ့အဖွဲ့အစည်း၏ အစီအစဉ်ကို တစ်ဖက်သတ် (သို့) ရုတ်တရက် လှန်ပစ်ရန်မှာ တမန်တော်၏အလုပ်မဟုတ်ပါ။ ဤသို့ ကြိုးစားခြင်းသည် ဧဝံဂေလိတရား၏ အောင်မြင်မှုကို တားဆီးခြင်းဖြစ် လိမ့်မည်။ သို့သော် သူသည် ကျွန်စနစ်၏ အခြေခံအုတ်မြစ်ကို ထိမှန်စေပြီး အကောင်အထည်ဖော်ပါက စနစ်တစ်ခုလုံးကို သေချာပေါက် ပျက်စီးစေမည့် အခြေခံမှုများကို သွန်သင်ခဲ့ခြင်းဖြစ်သည်။

ခရစ်ယာန်ဘာသာသည် သခင်နှင့်ကျွန်၊ ဘုရင်နှင့် လက်အောက်ခံ၊ ဧဝံဂေလိ တရားဟောဆရာနှင့် ခရစ်တော်၌ အပြစ်မှ သန့်စင်ခံရသော ယုတ်ညံ့သော အပြစ်သားတို့အကြား ခိုင်မာသော စည်းလုံးညီညွတ်မှုကို ဖန်တီးပေးသည်။ သူတို့သည် တူညီသောအသွေးတော်ဖြင့် ဆေးကြောခံရပြီး၊ တူညီသော ဝိညာဉ်တော်ဖြင့် ရှင်သန်လာကြသည်။ သူတို့သည် ခရစ်တော်ယေရှု၌ တစ် လုံးတစ်ဝတည်း ဖြစ်လာကြသည်။

EGW (The Acts of the Apostles, p. 460)

# အသင်းတော်အတွင်းဆက်ဆံရေး

## “ဆုတောင်းပဋ္ဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့” (ကော ၄း၂)




“အချင်းချင်းအတွက် ဆုတောင်းပေးကြပါ” တိုက်တွန်းထားသည်။ အဘယ်ကြောင့်ဆိုသော် ဖြောင့်မတ်သူ၏ဆုတောင်းခြင်းသည် အရှိန်ကြီးပြီး တန်ခိုးရှိသည် (ယာ ၅း၁၆)။



နံနက်နှင့်ညနေအပြင်၊ မည်သည့်အချိန်မဆို ဆုတောင်းရန် ရှင်ပေါလု တိုက်တွန်းထားသည် (ကော ၄း၂၊ ဧ ၆း၁၈၊ ၁ သက် ၅း၁၇)။ နေဟမိသည် ရှင်ဘုရင်ရှေ့တွင် တိတ်တဆိတ်ဆုတောင်းခဲ့သည် (နေ ၂း၄)။ ကျွန်ုပ်တို့သည် မည်သည့်နေရာ (သို့) မည်သည့်အချိန်တွင်မဆို ဆုတောင်းရန် အခွင့်ရှိသည်။



ထို့အပြင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို ထိရောက်မှုရှိအောင် မစတော်မူသည် (ရောမ ၈း၂၆)။



ရှင်ပေါလုက ဧဝံဂေလိတရားဟောကြားသူများအတွက် အထူးဆုတောင်းပေးရန် တောင်းဆိုခဲ့သည် (ကော ၄း၃-၄၊ ဧ ၆း၁၉)။ ဟောကြားသူသည် အတွေ့အကြုံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အရေးမကြီးပါ။ ဤလုပ်ငန်းအတွက် မည်သည့်အရာမျှ လုံလောက်မှုမရှိပါ။ ရှင်ပေါလုက သူ့စကားမှန်ကန်စေရန် သူကိုယ်တိုင်ဆုတောင်းရုံမက၊ ညီအစ်ကိုများကို သူ့အတွက် ဆုတောင်းပေးရန် တောင်းဆိုခဲ့သည်။

“သမ္မာတရားကို ကြိုးပမ်းအားထုတ်၍ မိတ်ဆက်ပေးသည့် နေရာတိုင်းတွင် စည်းလုံးညီညွတ်လျက် မတူညီသောစိတ်ကူးဉာဏ်၊ မတူညီသောဆုကျေးဇူးများ၊ မတူညီသောအစီအစဉ်များနှင့် လုပ်ဆောင်နည်းများ လိုအပ်ပါသည်။ အတူတကွ အားလုံး တိုင်ပင်ဆွေးနွေးရန်၊ အတူတကွ ဆုတောင်းရန် သတိပြုသင့်သည်။ ခရစ်တော်က “တဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်း လျှင်၊ တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။(မဿဲ ၁၈:၁၉)

**EGW (Selected Messages, vol. 3, p. 24)**

# မယုံကြည်သူများနှင့်ဆက်ဆံရေး

“ပြင်ပလူတို့၏ မျက်နှာကိုထောက်လျက်၊ ပညာနှင့် ကျင့်ဆောင်၍ ကာလအချိန်ကို ရွေးနုတ်ကြလော့” (ကော ၄း၅)



ကျွန်ုပ်တို့၊ အကျိုးကျေးဇူးများစွာရှိသည်- ကျွန်ုပ်တို့အတွက် ယေရှု လုပ်ဆောင်ပေးခဲ့သည့်အရာကို ကျွန်ုပ်တို့ သင်ယူခဲ့ပြီ၊ လက်ခံခဲ့ပြီ၊ ကယ်တင်ခြင်းစိတ်ချမှုကိုလည်း ရရှိထားသည်။

တစ်စုံတစ်ယောက်သောသူက ပြောပြသည့်အတွက် ကျွန်ုပ်တို့သိရသည်။ ထိုနည်းတူ ကျွန်ုပ်တို့လည်း အခြားသူကို မျှဝေရပါမည်။ ယေရှုကို မသိသေးသော (ပြင်ပလူ” များကို မည်သို့ဆက်ဆံသင့်သည်ကို ရှင်ပေါလု မည်သို့ပြောထားသနည်း (ကော ၄း၅-၆)။



**ဉာဏ်ပညာနှင့်**

ယေရှုကို မသိသေးသူများနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးတွင် “ကောင်းကင်ဘုံမှ လာသော ပညာ” (ယာကုပ် ၃:၁၇) လိုအပ်ပါသည်။

**ကြင်နာသောစကားလုံးများနှင့်**

ကျွန်ုပ်တို့၏စကားလုံးများသည် ယဉ်ကျေးသိမ်မွေ့ရပေမည်။ သို့မှသာ နားထောင်ရန်သူတစ်ပါးနှစ်သက်ပါလိမ့်မည်။

**ဆားခတ်ထားသောစကားလုံးများနှင့်**

စကားပြောဆိုရာတွင် လျောက်ပတ်ရပါမည်။ လူနှင့်၎င်းတို့ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်ရပါမည်။

**တင့်တယ်လျောက်ပတ်သောစကားလုံးများဖြင့်ဖြေကြားခြင်း**

လူတစ်နှင့်တစ်ဦး ကွဲပြားသောကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်သည်အချိန်တိုင်းတွင် မည်သို့တုံ့ပြန်ရမည်ကို ကျွန်ုပ်တို့အားလမ်းညွှန်ပေး လိမ့်မည်။

“စစ်မှန်သောယဉ်ကျေးသိမ်မွေ့မှုဖြင့် ရောနှောသော သမ္မာတရားနှင့်တရားမျှတခြင်းက လူတို့၏အသက်တာကို အသုံးဝင်စေရုံသာမက လှပစေပြီး၊ ရန့်သင်းစေပါလိမ့်မည်။ ကျင်နာသောစကားများ၊ နှစ်လိုဖွယ်အကြည့်များ၊ ပျော်ရွှင်သော မျက်နှာထားများသည် တွန်းလှန်မရနိုင်အောင် ဆွဲဆောင်မှုရှိသော ခရစ်ယာန်တစ်ယောက်၏ လွှမ်းမိုးမှု ညို့အားဖြစ်မည်။ ကိုယ်ကျိုးအတ္တကိုမေ့ပျောက်၍ သူ တစ်ပါးကို အဆက်မပြတ် အလင်း၊ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း ပေးနေလျှင် သူသည် စစ်မှန်သော ဝမ်းမြောက်ခြင်းကို ရှာတွေ့လိမ့်မည်။

နူးညံ့သိမ်မွေ့သောကြင်နာမှုနှင့်မေတ္တာတရားအားဖြင့် ကိုယ်ကျိုးအတ္တကို မေ့လျော့တတ်သူများဖြစ်ကြပါစေ၊ သူတစ်ပါးကို အားပေးသူများဖြစ်ကြပါစေ၊ သူတို့၏ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်အောင် အမြဲသတိရှိနိုင်ကြပါစေ။

**EGW (In Heavenly Places, June 22)**